
ဦးဘကြည်
ဇာတ်တော်ကြီးဆယ်ဘွဲ့
တတိယအကြိမ်



တေ
ဇ
သု
နေ
မ
ဘူ
စံ
နာ
ဝိ
ဝေ



ဆရာကြီး ပန်းချီ ဦးဘကြည်

(F.R.S.A London)

# ဆရာကြီး ပန်းချီ ဦးဘကြည်

## (F.R.S.A London)

ပန်းချီဆရာကြီး ဦးဘကြည်ကို ၁၉၁၂ ခုနှစ်၊ ဇူလိုင်လ၊ ၁၆ ရက်နေ့က ကျိုက်ထိုမြို့တွင် မွေးဖွားသည်။ အဖ ဦးဘိုးဆင်၊ အမိ ဒေါ်အေးမေ ဖြစ်သည်။ ငယ်စဉ်ကပင် ပညာသင်ရင်း ဝါသနာပါရာ ပန်းချီပညာကို လေ့လာဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဘိုင်အက်စီ တန်း အောင်မြင်ခဲ့သည်။ ဆရာဖြစ်သင်တန်းကိုလည်း တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဉာဏ် (အာရ်၊ ဘီ၊ အေ၊ လန်ဒန်) ထံတွင် ပန်းချီပညာ ဆည်းပူးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ပြင်သစ်အစိုးရ ပညာသင်ဆုရကာ ပါရီအမျိုးသားအဆင့်မြင့် ပန်းချီသိပ္ပံတွင် တစ်နှစ် ပညာသင်ခွင့်ရသည်။ ထိုသို့ ပညာဆည်းပူးနေစဉ် ကမ္ဘာ့ပန်းချီပြပွဲကြီး "Le Salon 49" တွင် ဝင်ရောက်ပြသနိုင်ခဲ့ပြီး လန်ဒန်၊ မွန်တီကာလိုမြို့များတွင် ကျင်းပသည့် ပန်းချီပြပွဲကြီးများတွင်လည်း ပါဝင် ပြသနိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန် အစိုးရပညာသင်ဆု ရ၍ ဖီလာဒဲလ်ဖီးယား ပန်းချီအကယ်ဒမီတွင် တစ်နှစ် ပညာဆည်းပူးခွင့် ရခဲ့သည်။ ထိုနှစ်မှာပင် ပင်စီလ်ဗေးနီးယား တက္ကသိုလ်တွင် ပန်းချီမဟာဝိဇ္ဇာတန်း တက်ခွင့်ရခဲ့သည်။

၁၉၅၈ ခုနှစ်တွင် လန်ဒန် တော်ဝင် ပန်းချီဆရာအသင်းကြီးမှ ရာသက်ပန်အဖွဲ့ဝင်အဖြစ် "F.R.S.A" ဘွဲ့ ချီးမြှင့်ခဲ့သည်။ ဆရာကြီး ဦးဘကြည်သည် မြန်မာ့ပန်းချီလောက၏ ဖခင်ကြီးတစ်ဦးဖြစ်ပြီး မြန်မာ့ရိုးရာ ပျော်မွေ့ရွှင်မှုဆိုင်ရာ အကအခုန် သရုပ်ဖော်လက်ရာများ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆယ့်နှစ်ရာသီ ပွဲလမ်းသဘင်သရုပ်ဖော်လက်ရာများ၊ ဇာတ်၊ နိပါတ်ဆိုင်ရာ ဗုဒ္ဓဝင်ပန်းချီကားများ၊ အောင်ခြင်းရှစ်ပါး သရုပ်ဖော် ပန်းချီကားများ ရေးဆွဲရာတွင် အထူးထင်ရှားသည်။ ခေတ်အမြင် ခေတ်အတွေး ခေတ်အရေးဆိုင်ရာ ခေတ်သစ် ပန်းချီလက်ရာများကိုလည်း စိတ်ကူးကောင်းကောင်းဖြင့် ရေးဆွဲလေ့ရှိသည့် စွယ်စုံပန်းချီကျော်ကြီး ဖြစ်လေသည်။

၁၉၅၂ ခုနှစ်မှ စ၍ ရှေးရိုး မြန်မာပန်းချီရေးနည်းကို သုတေသနပြုကာ ဖော်ထုတ်ရေးဆွဲနိုင်ခဲ့သည်။ ထိုသို့ သုတေသနပြု ရေးဆွဲနေဆဲ ပြင်သစ်နိုင်ငံတွင် ပန်းချီပညာ ဆည်းပူးပြီး ပြန်ရောက်သည့် ၁၉၅၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေ အသင်းကြီးမှာ တာဝန်ပေးချက်အရ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး ရေးသားတော်မူသည့် ဗုဒ္ဓဝင်ကို ဆရာကြီးဦးဘကြည်က ပုံတော်များ ရေးဆွဲသရုပ်ဖော်ခဲ့သည်။ ယင်းဗုဒ္ဓဝင်စာအုပ်ကြီးမှာ ယခုအခါ စတုတ္ထအကြိမ်မြောက် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ယင်းဗုဒ္ဓဝင် စာအုပ်ကြီးကို သရုပ်ဖော်ရေးဆွဲရန် ဆရာတော်ကြီးများထံ ချဉ်းကပ်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ စသော ကောင်းမှုကုသိုလ်ပြု၍ အထူး စိတ်ကူးစိတ်သန်းကောင်းများဖြင့် ရေးဆွဲခဲ့ရာ ဗုဒ္ဓ၏ မေတ္တာတရားတော်များကို ထင်ရှားပေါ်လွင်အောင် သရုပ်ဖော်နိုင်ခဲ့သည်။

၁၉၃၉ ခုနှစ်က ဖွင့်လှစ်ခဲ့သော စစ်ကြိုခေတ် ပန်းချီပန်းပုကျောင်းတွင် နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်က ဖွင့်လှစ်သည့် ပန်းချီအကယ်ဒမီတွင် ကထိကအဖြစ်လည်းကောင်း၊ ပညာရေးတက္ကသိုလ်တွင် ပန်းချီကထိကအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ဆရာကြီး၏ ထင်ရှားသော ပန်းချီလက်ရာများကို ရန်ကုန်အမျိုးသားပြတိုက်၊ တာ့ရှ်ကင့်ပြတိုက်၊ ဗီကင်း အမျိုးသားပြတိုက်၊ ဟော်လန်နိုင်ငံ အမ်စတာဒန်မြို့ရှိ ပန်းချီပြတိုက်၊ ဗုဒ္ဓဂယာတို့တွင် ချိတ်ဆွဲပြသထားကြသည်။ မင်္ဂလာဒုံ လေဆိပ်တွင် စတုရန်းပေ ၃၀၀၀ ရှိ နံရံပန်းချီကားကြီးမှာ ဆရာအား ကျော်ကြားစေသည့် မြန်မာမှုသရုပ်ဖော်လက်ရာမွန်ပန်းချီကားကြီးဖြစ်သည်။ ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံစေတီတော်တို့တွင်လည်း သမိုင်းဝင်ဆီဆေးပန်းချီလက်ရာများ ရေးဆွဲခဲ့သည်။ မိတ္ထီလာ ဝန်ထမ်းဟိုတယ်၊ ကမ်းနားလမ်း ဟိုတယ်၊ ပညာရေးတက္ကသိုလ်တို့တွင် နံရံပန်းချီ လက်ရာများ ရေးဆွဲခဲ့သည်။

ဆရာကြီးဦးဘကြည်သည် မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံးများတွင် ဥက္ကဋ္ဌအဖြစ် (၁၀)ကြိမ်၊ စာပေလုပ်သား ဖြစ်မြောက်ရေးကော်မတီဝင်၊ စွယ်စုံကျမ်းပြုစုရေးအဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီရွေးချယ်ရေးအဖွဲ့ဝင်၊ ယဉ်ကျေးမှုဌာန ပန်းချီအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။ လက်ရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာကြီးဦးဘကြည်သည် ၁၉-၄-၂၀၀၀ ရက်၊ ည ၆ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။ ဇနီး ဒေါ်တင်မေ (ပညာရေးတက္ကသိုလ်-ငြိမ်း)နှင့် သား(၂)ဦး၊ သမီး(၁)ဦး၊ မြေး(၆)ဦး တို့ ကျန်ရစ်ပါသည်။

# တေမိယဇာတ်တော်ကြီး


ရှေးအခါက ကာသိကရာဇ်မင်းကြီးနှင့် စန္ဒာဒေဝီ မိဖုရားတွင်
တေမိယကုမာရအမည် မင်းသားလေးတစ်ပါးဖွားမြင်လေသည်။
သားတော်ဟူ၍ ဤတစ်ပါးသာရှိသည်။
ငယ်စဉ်က ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် တစ်နေ့တွင်တေမိယမင်းသားလေးကို ရင်ခွင်ထား လျက် ခိုးသားလေးဦးကိုထိတ်လန့်ဖွယ် ပြစ်ဒဏ် အမျိုးမျိုးခတ်လေသည်။
..... ဤပြစ်ဒဏ် အသီးသီး သင့်စေ.....
ထို့နောက်ထီးဖြူအောက်တွင် ချထိပ်ထားရှိမင်းသား ငယ်သည် ထိုသို့သူတပါး အား ထိတ်လန့်ဖွယ်ပြစ် ဒဏ်စီရင်ချခြင်းများကိုမ နှစ်မြို့သဖြင့်စိတ်အဆင်း ရဲကြီးဆင်းရဲကာမိန်း၍ သို့စဉ်းစား ပါ၏
ဘုရားလောင်းဖြစ်၍ နောက် နောက်ဘဝ ဘဝများကို ပြန်လည်မြင်နိုင်စွမ်းရှိလေသည်။


ငါသည်လည်းတစ်နေ့တွင်ဘုရင်လုပ်ရဦးမည်၊ ဤသို့သူတစ်ပါးအားအပြစ်ဒဏ်စီရင်ရာ၌အကယ်၍ မှားယွင်းစွာစီရင်မိအံ့၊ ငါ၌ဆင်းရဲပူပန်မှု ရောက်လတ္တံ့။
ငါသည်ယခင်ဘဝက မင်းပြုကာပြစ်ဒဏ်များကို မှားယွင်းစွာစီရင်မိသဖြင့်ငရဲပြည်တွင်ကြာမြင့်စွာ ခံခဲ့ရသလိုယခုတစ်ဖန်ခံရဦးမည်၊ ယခုမည်သို့ ကြံရမည်နည်း။
ထိုအချင်းအရာကိုယွင် ခုနစ်ဘဝကမိခင်တော်စဝ် ခဲ့ဖူးသော ထီးချက်စောင့်နတ်သမီး တွေ့သိ၍ ကိုယ်ထင်ပြပြီးလျှင် မေးမြန်းရာ ဘုရင် မလုပ်လိုသော သနကို သိရခြင့်...........
ချစ်သား...
မင်းသားသည် ငရဲလားမည့်ဘေးကိုသာ တွေးကြောက် လှလေသောကြောင့် ထိုနေ့မှစ၍ နတ်သမီးအကြံပေး ချက်အတိုင်း ဆွံ့အ နားထိုင်းသူများကဲ့သို့ မလှုပ်မယှက် ကြောင်တက်တက်နေလိုက်တော့သည်။
ထိုအချင်းအရာကို အထိန်းတော်များတွေ့ကြသော် မိဖုရားကြီးထံ ချက်ချင်းဝင်၍ သံတော်ဦးတင်လေ လျှင် -
မှန်လှပါ-သားတော် တေမိယ မင်းသားသည် မငို-မရယ်-မလှုပ်မ ရှက်ဘဲ ထူးကဲစွာ စံနေပါကြောင်း သံတော်ဦးတင်ပါသည် ဘုရား။
အထိန်းတော်များ အမှုတော်ထမ်း တယ်ပေါ့လျော့ သကိုး၊ မငို-မချော့- မထိန်း-မကျောင်း တတ် ကြဘူးလား၊ ယခုပင် သားတော် ကို .....
ငါ့ရှေ့တော်သို့ သွင်းလော့။ အထိန်းတော် များပါ လာ ကြလော့။